# သင်ယူပါ၊
# ကာကွယ်ပါ၊
# လေးစားလိုက်နာပါ၊
# ပျိုးထောင်ပါ။

## အာရှနှင့်ပစိဖိတ်ဒေသတွင်း ပြီးပြည့်စုံသော လိင်မှုရေးရာနှင့် မျိုးဆက်ပွားပညာ အခြေအနေ ၂၀၂၀ ခုနှစ်၊ အတိုချုပ်သုံးသပ်ချက်



UNFPA

unesco

IPPF International Planned Parenthood Federation



© M. Taylor / UNFPA

## နောက်ခံအကြောင်းအရာနှင့်အနေအထား

# အာရှနှင့်ပစိဖိတ်ဒေသတွင်းမှ လူငယ်များ

အသက် ၁၀ နှစ်မှ ၂၄ နှစ်အတွင်းရှိ ကမ္ဘာ့လူငယ်ဦးရေ ၁.၈ ဘီလီယံ၏ထက်ဝက်ကျော်သည် အာရှနှင့်ပစိဖိတ်ဒေသတွင်း[1] နေထိုင်ကြပြီး အများစုမှာ အနိမ့်ဆုံးနှင့်အလယ်အလတ်ဝင်ငွေရှိသည့်နိုင်ငံများတွင် နေထိုင်သူများဖြစ်သည်။ မတူညီသည့်လူမှုစီးပွားရေးအနေအထားရှိစေကာမူ ဒေသတွင်းမှလူငယ်များအနေဖြင့် အသက်အရွယ်နှင့်လိုက်လျောညီထွေရှိသော ပြီးပြည့်စုံသော လိင်မှုရေးရာနှင့်မျိုးဆက်ပွားပညာအပါအဝင် လိင်မှု၊ မျိုးဆက်ပွားကျန်းမာရေးအခွင့်အရေးများနှင့်ဆိုင်သော သတင်းအချက်အလက်များနှင့်ဝန်ဆောင်မှုများကိုလက်လှမ်းမီရန်ကန့်သတ်ချက်များရှိနေသည်မှာ အတူတူပင်ဖြစ်သည်။ ပဋိသန္ဓေတားနိုင်ရန်လိုအပ်ချက်မပြည့်စုံသေးသည့်ကမ္ဘာပေါ်ရှိ ၁၃ မီလီယံသော ဆယ်ကျော်သက်မိန်းကလေးများ၏ထက်ဝက်ခန့်မှာ အာရှနှင့်ပစိဖိတ်ဒေသတွင်း နေထိုင်လျက်ရှိပြီးနှစ်စဉ် ဆယ်ကျော်သက်မိခင် ကလေးမွေးဖွားမှုပေါင်း ၃.၇ မီလီယံဖြစ်စေသည်။ ထို့အပြင် ဒေသတွင်းမှ လူငယ် ၈၂,၀၀၀ ဦးခန့်နှစ်စဉ် အိတ်ချ်အိုင်ဗီ ကူးစက်ခံနေရသည်။[2,3]

ဆယ်ကျော်သက်အရွယ်မှ လူကြီးဘဝသို့ကူးပြောင်းဝင်ရောက်ချိန်တွင် အသက်၊ ကျား မ၊ အိမ်ထောင်ရှိခြင်း မရှိခြင်း၊ လူမှုစီးပွားအခြေအနေ၊ တိုင်းရင်းသား၊ လိင်စိတ်ခံယူမှု၊ လိင်ဝိသေသခံယူမှုတို့ မည်မျှပင်ကွဲပြားစေကာမူ ကျန်းမာရေးနှင့် ဘဝသုခပြည့်စုံရေးအတွက် လိုအပ်သော ဗဟုသုတ၊ ခံယူချက်နှင့်ကျွမ်းကျင်စရာများဖြည့်ဆည်းပေးရန်အရေးကြီးပါသည်။[4] ကျောင်းအခြေပြု အသက်အရွယ်နှင့်ကိုက်ညီသော၊ ပြီးပြည့်စုံသော လိင်မှုနှင့်မျိုးဆက်ပွားပညာ(CSE)သည် အထူးသဖြင့်ကျောင်းတက်ရောက်မှုနှုန်းမြင့်သည့်နေရာများမှကလေးများနှင့်လူငယ်အများစုထံရောက်ရှိစေနိုင်သော ထိရောက်သည့်နည်းလမ်းဖြစ်သည်။ ဤသုံးသပ်ချက်သည် အာရှနှင့်ပစိဖိတ်ဒေသတွင်း ကျောင်းတွင်း CSE သင်ကြားနေမှုနှင့်သက်ရောက်မှုအပေါ် ထင်ရှားသောသာဓကအဖြစ် ဖော်ပြနိုင်ပါသည်။ ပို၍အရေးကြီးသည်မှာ “ကိုဗစ်–၁၉”ကပ်ရောဂါနောက်ပိုင်းလူငယ်များ၏လူမှုရေးနှင့်စိတ်ခံစားမှုလိုအပ်ချက်များ ပြည့်မီစေမည့် ပိုမိုထိရောက်အားကောင်းသော CSE အစီအစဉ်များပြန်လည်လည်ပတ်နိုင်ရန် ဖြစ်သည်။

[1] UNFPA. (2020) ‘My body is my body, my life is my life’. Sexual and reproductive health and rights of young people in Asia and the Pacific.
[2] UNFPA. (2016) Universal Access to Reproductive Health: Progress and challenges.
[3] UNFPA. (2020) ‘My body is my body, my life is my life’. Sexual and reproductive health and rights of young people in Asia and the Pacific.
[4] UNFPA. (2013) UNFPA Strategy on Adolescents and Youth: Towards realizing the full potential of adolescents and youth.

# ဤသုံးသပ်ချက်မှ မှတ်စရာများ

၂၀၁၉ ခုနှစ်တွင် UNFPA, UNESCO နှင့် IPPF East, South East and Oceania Region (ESEAOR) တို့သည် အာရှနှင့်ပစိဖိတ်ဒေသတွင်း ပြီးပြည့်စုံသော လိင်မှုနှင့်မျိုးဆက်ပွားပညာအခြေအနေအပေါ် ခြုံငုံသုံးသပ်ခြင်းလုပ်ငန်းကို ပူးပေါင်းလုပ်ဆောင်ခဲ့ကြပါသည်။ အာရှမှ ၂၁ နိုင်ငံနှင့် ပစိဖိတ်မှ ၉ နိုင်ငံ စုစုပေါင်း နိုင်ငံ ၃၀ သတ်မှတ်ပါဝင်ခဲ့ပါသည်။

## ခြုံငုံသုံးသပ်ရာတွင် အောက်ပါလုပ်ငန်းများမှတစ်ဆင့် အထောက်အထားများ စုစည်းခဲ့ပါသည်။



၁

လိင်မှုရေးရာပညာပေးနှင့် ပတ်သက်သော နိုင်ငံအဆင့်မူဝါဒများနှင့် ဥပဒေများဆိုင်ရာမှတ်တမ်း မှတ်ရာများ သုံးသပ်ခြင်း



၂

**နိုင်ငံအလိုက် စစ်တမ်းများ ကောက်ယူရာတွင် ...**

(က) ပညာရေးဝန်ကြီးဌာနမှကိုယ်စားလှယ်

(ခ) UNFPA, UNESCO နှင့် IPPF မိတ်ဖက်အဖွဲ့အစည်း

စစ်တမ်းအရ လိင်မှုရေးရာပညာပေးဆိုင်ရာ နိုင်ငံအဆင့် မူဝါဒများ၊ ဥပဒေများနှင့် မဟာဗျူဟာများနှင့်တကွ ကျောင်းသင်ရိုးညွှန်းတမ်းများ၊ သင်ကြားပို့ချခြင်း၊ နည်းပြသင်တန်း၊ လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုချိတ်ဆက်ပုံများကို လေ့လာဖော်ထုတ်ခဲ့ပါသည်။

ဆီလျော်သည်ဟုယူဆသောဖြစ်စဉ်များအတွက် အောင်မြင်မှုများကို အမှန်အတိုင်းသိရှိနိုင်စေရန် ကာယကံရှင်အချို့ကို ဖိတ်ခေါ်မေးမြန်းခဲ့ပါသည်။



၃

**သက်ဆိုင်ရာနိုင်ငံများ၏ ကျွမ်းကျင်ပညာရှင်များ[5] ထံမှ အွန်လိုင်းစစ်တမ်းတိုကောက်ယူခြင်း**

လိင်မှုရေးရာပညာပေးတွင်ပါဝင်သော အကြောင်းအရာများနှင့်သင်ရိုးညွှန်းတမ်းများ၏ပြည့်စုံမှုအတွက် သီးသန့်တွေ့ရှိချက်များကို ပိုမိုသဘောပေါက်ရန်နှင့်နှိုင်းယှဉ်နိုင်ရန် ပြုလုပ်ခြင်းဖြစ်ပါသည်။



၄

**အာရှနှင့်ပစိဖိတ်ဒေသတွင်း ၂၇ နိုင်ငံမှ အသက် ၁၅ မှ ၂၄ နှစ် အတွင်းရှိ လူငယ် ၁,၄၃၂ ယောက် ပါဝင်ခဲ့သော “အွန်လိုင်းလူငယ်စစ်တမ်း”**



၅

**၄ နိုင်ငံမှ အသက် ၁၅ နှင့် ၃၁ နှစ်အတွင်းရှိ လူငယ် ၈၃ ယောက်နှင့် ဝိုင်းဖွဲ့ဆွေးနွေးခြင်း**

[5] Forty-three experts that consisted of individuals affiliated with UNFPA, UNESCO, IPPF member associations, other civil society organizations, as well as independentconsultants completed a rapid online survey.



© UNFPA India

# ပြီးပြည့်စုံသော လိင်မှုရေးရာနှင့်မျိုးဆက်ပွားပညာ ဆိုသည်မှာ ...

- ပြီးပြည့်စုံသော လိင်မှုရေးရာနှင့်မျိုးဆက်ပွားပညာ (CSE) သည် သင်ရိုးညွှန်းတမ်းအခြေခံကာ လိင်မှုရေးရာအပေါ် ဆင်ခြင်နိုင်မှု၊ စိတ်ခံစားမှု၊ ရုပ်ပိုင်းနှင့် လူမှုရေးပိုင်းရှုထောင့်များမှ သင်ကြားခြင်း သင်ယူခြင်းဖြစ်စဉ် ဖြစ်သည်။
- မျိုးပွားခြင်း၊ အန္တရာယ်များနှင့် ရောဂါများ၊ အန္တရာယ်ကင်းသော လိင်မှုရေးရာနှင့်ဆက်ဆံရေးများအကြောင်း အခြေခံမျှ သင်ကြားပေးရုံမဟုတ်ဘဲ ဘဝတွက်တာကျွမ်းကျင်စရာများ ဖွံ့ဖြိုးလာရေးအတွက် လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေး အပေါ်သက်ရောက်သည့် လူနေမှု၊ ယဉ်ကျေးမှု၊ ကျား မ လူမှုရေးရာအကြောင်းများကိုပါ ကျယ်ပြန့်စွာသင်ကြားခြင်းဖြစ်သည်။

*မျိုးပွားခြင်း၊ သဘာဝနှင့် လူမှုဆိုင်ရာ ဘဝတွက်တာသိမှတ်စရာများဆိုင်ရာ နိုင်ငံတကာနည်းပညာလမ်းညွှန်၊ ယူနက်စ်ကို၊ ၂၀၁၈*

**CSE** သင်ကြားပေးရာမှတစ်ဆင့် လူငယ်များကိုပျိုးထောင်ခြင်းသည် ပန်းတိုင် အမှတ် ၃၊ ၄၊ ၅ အပါအဝင် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှု ပန်းတိုင် (**SDGs**) များအောင်မြင်ရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။

## ပုံ ၁ – SDGs နှင့် CSE

| | |
|---|---|
| ၃ ကောင်းမွန်သောကျန်းမာရေး စောင့်ရှောက်မှု ရရှိရေး | ကျန်းမာသောဘဝများနှင့်ပြည့်စုံသောသုခကို လူတိုင်း အသက်အရွယ်တိုင်း ရရှိခံစားစေရေး |
| ၄ အရည်အချင်းပြည့်ဝသော ပညာရေးရရှိရေး | လူတိုင်းအကျုံးဝင်သော၊ တန်းတူညီမျှမှုရှိသော၊ အရည်အသွေးပြည့်ပညာသင်ကြားနိုင်ရေးနှင့် လူတိုင်းသက်ဆုံးတိုင် ပညာသင်ကြားနိုင်သောအခွင့်အလမ်းများ မြှင့်တင်ရေး |
| ၅ ကျား-မ တန်းတူညီမျှရှိရေး | ကျား မ တန်းတူညီမျှမှုရရှိစေခြင်းနှင့် အမျိုးသမီးနှင့်မိန်းကလေးများအားလုံး ပျိုးထောင်ပေးရေး |

*ရင်းမြစ် – sdgs.un.org*

## အကွက် ၁ – CSE ၏ ပင်ကိုလက္ခဏာနှင့်သဘောတရားများ

### CSE အစီအစဉ်များသည် ....

- သိပ္ပံပညာအရ တိကျမှုရှိသည်၊
- ငယ်ရွယ်စဉ်မှအစပြုပြီး အရွယ်မရောက်မီနှင့် သိသာထင်ရှားစွာဖွံ့ဖြိုးချိန်အထိ ဆင့်ကဲတိုးတက်ဖော်ညွှန်းသည်၊
- အသက်အရွယ်နှင့်ဖွံ့ဖြိုးမှုအရ ဆီလျော်သည်၊
- သင်ရိုးညွှန်းတမ်း အခြေခံသည်၊
- ပြည့်စုံသည်၊
- လူ့အခွင့်အရေး အခြေခံသည်၊
- ကျား မ တန်းတူညီမျှမှုကို အခြေခံသည်၊
- ယဉ်ကျေးမှု၊ ဒေသအနေအထားနှင့် ဆီလျော်သည်၊
- လိုအပ်သလို ပြောင်းလဲနိုင်စွမ်းရှိသည်၊
- ဘဝတွက်တာကျွမ်းကျင်စရာများ ဖွံ့ဖြိုးလာစေသည်၊

### CSE တွင်ပါဝင်သော အဓိကသဘောတရားများ ...

- ဆက်ဆံရေး၊
- တန်ဖိုးထားမှုများ၊ အခွင့်အရေး၊ ယဉ်ကျေးမှုနှင့် လိင်မှုရေးရာ၊
- "ကျား မ လူမှုကွဲပြားမှု" ကို နားလည်စေခြင်း၊
- အကြမ်းဖက်ခြင်းနှင့် အန္တရာယ်ကင်းစွာနေထိုင်ခြင်း၊
- ကျန်းမာခြင်းနှင့်သုခပြည့်စုံခြင်းအတွက် ဘဝတွက်တာ ကျွမ်းကျင်စရာများ၊
- လူ့ခန္ဓာကိုယ်နှင့်ဖွံ့ဖြိုးမှု၊
- လိင်မှုရေးရာနှင့်လိင်ပိုင်းဆိုင်ရာအမူအကျင့်များ၊
- လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေး၊

*ရင်းမြစ် – ယူနက်စ်ကို အဖွဲ့၊ ၂၀၁၈*

## အကွက် ၂ – CSE ၏ အချက်အလက်မှန်နှင့် အချက်အလက်မှား

### CSE က အထောက်အပံ့ဖြစ်ထွန်းစေသည်မှာ...

- ✓ ပထမအကြိမ်လိင်မှုကိစ္စကို နောက်ဆုတ်စေခြင်း၊
- ✓ လိင်မှုကိစ္စအရေအတွက်နှင့်လိင်ဆက်ဆံဖော် အရေအတွက်ကိုလည်း လျော့ကျစေခြင်း၊
- ✓ အန္တရာယ်ရှိသောအမူအကျင့်များလျော့နည်းစေခြင်းနှင့် ကွန်ဒုံးနှင့်ပဋိသန္ဓေတားဆေးများ ပိုမိုသုံးစွဲလာခြင်း၊

**အချက်အလက်မှန်**

### CSE က အားမပေးသည်မှာ...

- ✗ လိင်စိတ်ဖွံ့ဖြိုးမှု စောစေခြင်း၊
- ✗ လိင်မှုကိစ္စများ ပိုမိုဖြစ်စေခြင်း၊
- ✗ အန္တရာယ်ရှိအမူအကျင့်များ ပြုခြင်း၊

**အချက်အလက်များ**

*ရင်းမြစ် – ယူနက်စ်ကို အဖွဲ့၊ ၂၀၁၈*

# ခြုံငုံသုံးသပ်ခြင်းမှ အဓိကတွေ့ရှိချက်များ

## လိင်မှုရေးရာပညာပေးဆိုင်ရာ မူဝါဒ၊ ဥပဒေ နှင့် မဟာဗျူဟာများ မည်သို့ ဦးတည်သနည်း။

**နိုင်ငံအများစုတွင် လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေးနှင့် သို့မဟုတ် လိင်မှုရေးရာပညာပေးဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် မဟာဗျူဟာများ ရှိသော်လည်း CSE ကိုသင်ကြားရန်ကတိကဝတ်မှာမူ နိုင်ငံများ အကြား သိသာစွာကွဲလွဲပါသည်။**

အာရှပစိဖိတ်ဒေသမှနိုင်ငံများတွင် လူငယ်များအတွက် လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေးနှင့်/ သို့မဟုတ် လိင်မှုရေးရာပညာပေးဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် မဟာဗျူဟာများမှာ ပုံစံတစ်ခုခုဖြင့် ရှိနေပါသည်။

ပညာရေးဌာနမှစစ်တမ်းတွင် အရာရှိအများစုက သူတို့၏နိုင်ငံတွင် ထိုမူဝါဒ၊ ဥပဒေများ ရှိကြောင်း သိပါသည်။

> **ပြီးပြည့်စုံသောလိင်မှုပညာရေးသည် အရေးကြီးလာသည်။ ယခုအခါတွင် မူလတန်းကြို မှ ၁၂ တန်းအထိ CSE သင်ကြားရန် တစ်လတွင် မိနစ် ၉၀ ကို သတ်မှတ်ထားပြီးဖြစ်သည်။**
>
> (MoE စစ်တမ်းဖြေဆိုသူ၊ ဘူတန်)

ပုံ ၂ – အမျိုးသားအဆင့် မူဝါဒ၊ ဥပဒေနှင့် မဟာဗျူဟာများရှိကြောင်း သိရှိမှု

စစ်တမ်းဖြေဆိုသူများက လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေးနှင့်/ သို့မဟုတ် လိင်မှုရေးရာပညာပေးဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် မဟာဗျူဟာများ ရှိသည်ကိုသိရှိကြောင်း တင်ပြသောနိုင်ငံများ

**စစ်တမ်းဖြေဆိုသူများကအစီရင်ခံသော နိုင်ငံများ[1]**

**အာရှ**

**၇၅ %** (နိုင်ငံ ၂၀ မှ ၁၅ နိုင်ငံ)

**ပစိဖိတ်**

**၆၃ %** (၈ နိုင်ငံမှ ၅ နိုင်ငံ)

*ရင်းမြစ် – ပညာရေးဝန်ကြီးဌာန စစ်တမ်းမေးခွန်းများ*

[1]ပညာရေးဝန်ကြီးဌာန စစ်တမ်းမေးခွန်းများကို ပြန်လည်ဖြေဆိုသည့်နိုင်ငံအရေအတွက် မတူပါ။

ဒေသတွင်း စဉ်ဆက်မပြတ် CSE ကို အားပေးမှုကြောင့် ကလေးနှင့်လူငယ်များအတွက် လိင်မှုရေးရာပညာပေး မူဝါဒများ၊ ဥပဒေများနှင့် မဟာဗျူဟာများကို ပိုမိုဖြစ်ထွန်းစေသည်။ သို့သော် မူဝါဒများနှင့်မဟာဗျူဟာများအကြား ကတိကဝတ်များ ကွဲပြားပါသည်။ မဟာဗျူဟာများ၊ ဆရာအတတ်သင်နှင့် သင်ခန်းစာပို့ချပုံများမှာမူ နိုင်ငံတကာနည်းပညာလမ်းညွှန်နှင့် ကွဲလွဲမှုများ ရှိနိုင်ပါသည်။[6]

ဒေသတွင်းနိုင်ငံအချို့တွင် ပြည်နယ်အဆင့်ပညာရေးဆုံးဖြတ်ချက်များပြုလုပ်ခွင့်ရှိသောဥပဒေ ပြဌာန်းထားပြီးဖြစ်သည်။ ထိုအနေအထားတွင် လိင်မှုရေးရာသင်ခန်းစာများအစ်ပြေးညီဖြစ်ရန်နှင့် အရည်အသွေးထိန်းသိမ်းရန် စိန်ခေါ်မှုများရှိသည်။ ထို့အပြင် နိုင်ငံအများစုတွင် ယဉ်ကျေးမှု၊ ဘာသာရေးနှင့် လူမှုရေးစံများကို လိင်မှုရေးရာသင်ခန်းစာများ ဦးစားပေးပို့ချခြင်းအတွက် မူဝါဒများ၊ ဥပဒေများ၊ မဟာဗျူဟာများတွင် ထည့်သွင်းစဉ်းစားထားသည်။

> **ဘဝတွက်တာကျွမ်းကျင်စရာ သင်ကြားရန် ကတိကဝတ်များရှိသော်လည်း ယဉ်ကျေးမှုနှင့်လူမှုရေး အဟန့်အတားများကြောင့် နိုင်ငံတကာနည်းပညာလမ်းညွှန်တွင် ဖော်ပြပါရှိသည့်အတိုင်း ပြီးပြည့်စုံစွာပို့ချနိုင်ရန် လက်တွေ့တွင် မဖြစ်နိုင်ပါ။**
>
> (ဘင်္ဂလားဒေ့ရှ်၊ ပညာရေးဝန်ကြီးဌာန စစ်တမ်းကောက်နှုတ်ချက်)

[6] UNESCO et al. (2018) *International technical guidance on sexuality education*. 2nd edn.

## လိင်မှုရေးရာပညာပေး သင်ရိုးညွှန်းတမ်း၊ ပါဝင်သော အကြောင်းအရာများ၊ ပို့ချပုံနည်းစနစ်များ ဒေသတွင်း သိသာစွာကွဲပြားသည်။

### စစ်တမ်းကောက်သောနိုင်ငံထက်ဝက်ကျော်တွင် လိင်မှုရေးရာပညာပေးသင်ခန်းစာကို မသင်မနေရဘာသာအဖြစ် တစ်နည်းနည်းဖြင့် သင်ကြားပေးသည်။ သို့သော် တစ်ခါတစ်ရံ အခြားဘာသာရပ်နှင့် ပူးတွဲထားသည်။


© Ruvin De Silva / UNFPA Sri Lanka

စစ်တမ်းအရ နိုင်ငံထက်ဝက်ကျော်တွင် CSE သင်ခန်းစာကို မသင်မနေရ သို့မဟုတ် တစ်ခါတစ်ရံ အခြားဘာသာရပ်နှင့်ပူးတွဲထားသည်။ အာရှ ပစိဖိတ်ဒေသများတွင် “ဘဝတွက်တာကျွမ်းကျင်စရာ” သို့မဟုတ် “မိသားစုဘဝ” သင်ခန်းစာများကို CSE အဖြစ် သတ်မှတ်လေ့ရှိသည်။ မူလတန်းမှအထက်တန်းအဆင့်ထိ CSE သင်ရိုးညွှန်းတမ်းများရှိကြောင်း ပညာရေးဌာနအများစုက ဖော်ပြကြသည်။ ဆရာနှင့်ကျောင်းသားများအတွက် မသင်မနေရ သို့မဟုတ် သီးသန့်ဘာသာရပ်အဖြစ်ထားရှိခြင်းဖြင့် စာသင်ချိန်ပိုမိုရရှိကာထိရောက်မှုကို လွယ်ကူစွာတိုင်းတာနိုင်မည်ဖြစ်သည်။[7, 8] ဒေသတွင်း CSE ကို မသင်မနေရသတ်မှတ်သောနိုင်ငံနှင့် မသတ်မှတ်သောနိုင်ငံ ညီတူညီမျှနီးပါးဖြစ်နေသည်။ နိုင်ငံများ၏ ၄ ပုံ ၁ ပုံ တွင် သီးသန့်ဘာသာရပ် သို့မဟုတ် ကျန်းမာရေးဘာသာရပ်နှင့်ပူးတွဲထားပြီး ကျန်နိုင်ငံအများစုမှာ သိပ္ပံနှင့်ဘာသာရေးသင်ခန်းစာများတွင် တွဲဖက်သင်ကြားကြသည်။

---

**ပုံ ၃** – ပို့ချမှုနည်းလမ်းများ

လိင်မှုရေးရာပညာကို ကျောင်းများတွင် **မသင်မနေရဘာသာ**အဖြစ်သင်ကြောင်း အစီရင်ခံသည့်နိုင်ငံများ

**၅၇%**
**မူလတန်း**
(၂၈ နိုင်ငံ မှ ၁၆ နိုင်ငံ)

**၅၄%**
**အလယ်တန်းနှင့်အထက်တန်း**
(၂၈ နိုင်ငံ မှ ၁၅ နိုင်ငံ)

*ရင်းမြစ် – ပညာရေးဝန်ကြီးဌာန စစ်တမ်းမေးခွန်းများ*

လိင်မှုရေးရာပညာကို ကျောင်းများတွင်အခြားဘာသာနှင့်**တွဲဖက်ပြီး** သို့မဟုတ် ကျန်းမာရေးပညာနှင့်ဆိုင်သော**သီးသန့်**ဘာသာတစ်ခုအဖြစ် သင်ကြောင်း အစီရင်ခံသည့်နိုင်ငံများ

**မူလတန်းအဆင့်**
(၂၈ နိုင်ငံ စစ်တမ်း)

**၂၅%** **သီးသန့်** (၇ နိုင်ငံ)

**၅၇%** **တွဲဖက်** (၁၆ နိုင်ငံ)

**အလယ်တန်းနှင့်အထက်တန်းအဆင့်**
(၂၈ နိုင်ငံ စစ်တမ်း)

**၂၁%** **သီးသန့်** (၆ နိုင်ငံ)

**၆၈%** **တွဲဖက်** (၁၉ နိုင်ငံ)

---

[7] UNESCO. (2015) Emerging evidence, lessons and practice in comprehensive sexuality education.
[8] UNESCO. et al. (2018) *International technical guidance on sexuality education*. 2nd edn.




**စစ်တမ်းကောက်သောနိုင်ငံတစ်ဝက်နီးပါးတွင် အသက်အရွယ်နှင့်ဆီလျော်သော လိင်မှုရေးရာပညာပေးခြင်းကို ငယ်ရွယ်စဉ်မှ စတင်သင်ကြားခြင်းမရှိသေးပါ။**

ကျန်းမာရေးနှင့်ပေါင်းသင်းဆက်ဆံရေးအတွက်လိုအပ်သော တိကျသည့် ဗဟုသုတနှင့်ဆုံးဖြတ်ချက်ပြုစေနိုင်မည့် ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးမှုအမြင့်ဆုံးအချိန်(ဆယ်ကျော်သက်ဦးပိုင်းနှင့်နှောင်းပိုင်းကာလ)မရောက်မီရရှိနိုင်ရန်အသက်အရွယ်အလိုက် လိင်မှုရေးရာဆိုင်ရာပညာများ အချိန်မီသင်ကြားပေးရန် အရေးကြီးသည်။[9] ကလေးများသည် အသက်အရွယ်နှင့်ဆီလျော်သောလိင်မှုရေးရာပညာကို မူလတန်းမှစတင်ကာ အနည်းဆုံးဖွံ့ဖြိုးမှုနှင့် လိင်ကိစ္စများမစတင်မီကတည်းက ရရှိသင့်သည့်အပြင် အရွယ်ရောက်ကြီးပြင်းသည်အထိဆက်လက်သင်ကြားပေးရန်လိုအပ်သည်။[10] မည်သို့ပင်ဖြစ်စေ အာရှပစိဖိတ်ဒေသမှနိုင်ငံတစ်ဝက်တွင်သာ မူလတန်းနှင့် ထိုထက်စောသောအရွယ်တွင် လိင်မှုရေးရာပညာရပ်များစတင်သင်ကြားပေးနေသည်။

> လူအများက ကလေးများကို လိင်မှုပညာပေးရန် ငယ်လွန်းသည်ဟု ထင်သည်။ ကျွန်မအနေဖြင့် အရေးကြီးသည်ဟုထင်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့ဘဝမှာ သူတို့ကြုံတွေ့ရမည့် အဖြစ်မှန်ဖြစ်သည်။ ဓမ္မတာဆိုသည်မှာ မိန်းကလေးများ တစ်နည်းနည်းနှင့် ကြုံတွေ့ရမည့်ကိစ္စဖြစ်သော ကြောင့် စိတ်ရှုပ်ထွေးခြင်းဖြစ်မည့်အစား သူတို့အနေဖြင့် ကိုယ်ခန္ဓာအတွင်း အမှန်တစ်ကယ် ဖြစ်ပျက်နေသမျှကို သိသင့်သည်။
>
> (၂၁ နှစ်အရွယ် မိန်းကလေး၊ အင်ဒိုနီးရှား)

## ပုံ ၄ – သင်ခန်းစာများ စတင်ချိန်

လိင်မှုရေးရာသင်ခန်းစာများ စတင်သင်ကြားပေးသောအတန်း




- မူကြိုနှင့် ပထမတန်း – ၁၅
- ဒုတိယတန်းမှ ဆဋ္ဌမတန်း – ၁၁
- သတ္တမတန်းမှ ဒွါဒသမတန်း – ၁

(နိုင်ငံပေါင်း ၂၇ စစ်တမ်း)

*ရင်းမြစ် – ပညာရေးဝန်ကြီးဌာန စစ်တမ်းမေးခွန်းများ*

## ပုံ ၅ – ပျိုဖော်ဝင်ခြင်းနှင့်ဆက်ဆံရေးကိစ္စများ သိရှိချိန်




သူတို့၏ ပထမဆုံးဓမ္မတာလာချိန်နှင့် အလိုအလျောက် သုက်ရည်ထွက်ချိန်မတိုင်မီ လုံလောက်သောအချက်အလက်များ မသိခဲ့ရပါ။

*ရင်းမြစ် – အွန်လိုင်း လူငယ်စစ်တမ်းမှ အချက်အလက်*

[9] UNESCO et al. (2018) *International technical guidance on sexuality education*. 2nd edn.
[10] UNESCO. (2015) Emerging evidence, lessons and practice in comprehensive sexuality education.



## အာရှ ပစိဖိတ် နိုင်ငံအများစုတွင် လိင်မှုဆိုင်ရာပညာပေးအတွက် ရှင်းလင်းတိကျသောကြီးကြပ်မှု နှင့်ဆန်းစစ်မှုစနစ် မရှိသေးပါ။

လိင်မှုပညာဆိုင်ရာ နိုင်ငံတကာနည်းပညာလမ်းညွှန်နှင့် အညီ နိုင်ငံများ၏ပညာရေးအချက်အလက်ကြီးကြပ်မှုစနစ်တွင် လိင်မှုရေးရာပညာရပ်များပို့ချခြင်းကိုတိုင်းတာရန် အမျိုးသားအဆင့်အညွှန်းကိန်းများထည့်သွင်းရန် တိုက်တွန်းထားသော်လည်း ၅ ပုံ ၁ ပုံခန့်သာ ထည့်သွင်းအသုံးပြုနေကြောင်း ဖော်ပြသည်။

ခြုံငုံ၍ဆိုရသော် အာရှနှင့်ပစိဖိတ်ဒေသတွင် လိင်မှုရေးရာပညာပေးအကြောင်းအရာများဦးစားပေးပို့ချရာတွင် အရင်းအမြစ်ရရှိသုံးစွဲရေးအပေါ်တွင် မူတည်နေပါသည်။ နိုင်ငံတစ်ခု၏အစိုးရဖွဲ့စည်းပုံ၊ ကျောင်းများ၏အမျိုးအစား၊ ရင်းမြစ်များ၊ ကတိကဝတ်များ ကွဲပြားမှုက လိင်မှုရေးရာပညာပို့ချမှုနှင့်နိုင်ငံတကာနည်းပညာလမ်းညွှန်မှုအကြံပြုချက်များအား လိုက်နာနိုင်မည့်အတိုင်းအတာအပေါ် သက်ရောက်မှုရှိနိုင်သည်။

© UNFPA / Lao PDR

## လိင်မှုရေးရာပညာပေးခြင်း မည်မျှအထိ ပြည့်စုံပါသနည်း။

**အာရှ ပစိဖိတ်ဒေသတွင် လိင်မှုရေးရာပညာပေး နိုင်ငံတကာနည်းပညာလမ်းညွှန်ကဖော်ပြထားသော ကဏ္ဍသဘောတရား ၈ ခု လုံး ကိုခြုံငုံနိုင်သောနိုင်ငံ မရှိပါ။**



> မျိုးပွားအင်္ဂါအစိတ်အပိုင်းများမှလွဲပြီး အခြားသော လိင်မှုနှင့်မျိုးဆက်ပွားကျန်းမာရေး အကြောင်းအရာများကို ကျောင်းတွင်မသင်ပါ။
>
> (၂၄ နှစ်အရွယ် မြန်မာအမျိုးသမီး)

ကမ္ဘာ့တဝှန်းဆောင်ရွက်မှုနှင့် အထောက်အထားများအရ နိုင်ငံတကာနည်းပညာလမ်းညွှန်က အသက်အရွယ်နှင့်ဆီလျော်ပြီးဆင့်ကဲတိုးတက်သင်ယူနိုင်သော (စာမျက်နှာ ၅) ကဏ္ဍ ၈ ခု ကိုဖော်ပြထားပါသည်။ ခြုံငုံသုံးသပ်ရာတွင် အများစုသော ပညာရေးဝန်ကြီးဌာနများ၏အဆိုအရ မူလတန်းအဆင့်တွင် လိင်မှုရေးရာပညာရပ်ခေါင်းစဉ်အနည်းငယ်သာ သင်ပေးပါသည်။ ဆယ်ကျော်သက်ကျောင်းသားများအတန်းကြီးလာသည်နှင့်အမျှ သင်ပေးသောခေါင်းစဉ်များပြားလာသလို ပိုမိုကျယ်ပြန့်လာသည်ဟု ဆိုပါသည်။

> အာဖဂန်နစ္စတန်လူ့အသိုင်းအဝိုင်းသည် ရှေးရိုးစွဲသလို ဘာသာတရားကိုင်းရှိုင်းသည်နှင့်အမျှ ပြည်သူလူထု၏ဆန္ဒကျင်မှုမပြင်းထန်စေရန် လိင်မှုရေးရာပညာနှင့်ပတ်သက်သည့် အကြောင်းအရာများကို သင်ခန်းစာစာအုပ်အချို့တွင် သတိထားပြီးထည့်သွင်းပါသည်။
>
> (အာဖဂန်နစ္စတန် ပညာရေးဝန်ကြီးဌာန၊ စစ်တမ်းကောက်နှုတ်ချက်)

## အကွက် ၃ – ပါဝင်သောခေါင်းစဉ်များ

### မည်သည့်ခေါင်းစဉ်များကို အများစု သင်လေ့ရှိပါသနည်း

**မူလတန်းအဆင့်**

သင်ရိုးညွှန်းတမ်းတွင် အများဆုံးသင်ဖြစ်သောခေါင်းစဉ်များမှာ အပျို လူပျိုဖော်ဝင်ခြင်း၊ HIV/AIDS နှင့် လိင်မှတစ်ဆင့်ကူးစက်သောရောဂါများ၊ ချစ်မေတ္တာနှင့်ပေါင်းသင်းဆက်ဆံရေး၊ ကျား မ ကွဲပြားမှုနှင့်စံနှုန်းများ၊ လိင်အကြမ်းဖက်မှုတို့ ဖြစ်သည်။

**အလယ်တန်းနှင့်အထက်တန်းအဆင့်**

အပျို လူပျိုဖော်ဝင်ခြင်း၊ HIV/AIDS နှင့် လိင်မှတစ်ဆင့်ကူးစက်သောရောဂါများနှင့် လိင်အကြမ်းဖက်မှုစသောခေါင်းစဉ်များကို ဆက်လက်သင်ကြားပေးပါသည်။ ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားခြင်း၊ ပဋိသန္ဓေတားခြင်းနှင့် အိမ်ထောင်ပြုခြင်းအကြောင်းတို့ကို ထပ်မံဖြည့်စွက်သင်ကြားပေးသောနိုင်ငံအရေအတွက် တိုးတက်လာပါသည်။

*ရင်းမြစ် – ပညာရေးဝန်ကြီးဌာန စစ်တမ်းမေးခွန်းများ*

> ကိုယ်ရေးကိုယ်တာ
> ဆက်ဆံရေးများအကြောင်း
> ပိုမိုသင်ယူပြီး
> အခြားသူများအပေါ်
> မိမိ၏ တန်ဖိုးထားမှုများ
> မလွှမ်းမိုးစေရန် လေးစားမှုဖြင့်
> နားလည်ချင်ပါသည်။
> ထိုကိစ္စများသည်
> သဘောတူညီမှုရခြင်းထက်
> ကျယ်ပြန့်နက်နဲပါသည်။
>
> (၂၂ နှစ်အရွယ် အင်ဒိုနီးရှား အမျိုးသမီး)

သင်ရိုးညွှန်းတမ်းများနှင့်အကြောင်းအရာများပြည့်စုံသည်ဟု ပညာရေးဌာနမှထက်ဝက်ကျော်က ဖြေကြားခဲ့ပါသည်။ သက်ဆိုင်ရာနိုင်ငံများမှ CSE ပညာရှင်များကမူ ၄ ပုံ ၁ ပုံ ထက်နည်းသော မူလတန်းအဆင့်နှင့် ၃ ပုံ ၁ ပုံ ပိုရှိသာရှိသော အလယ်တန်းနှင့်အထက်တန်းအဆင့်သင်ရိုးညွှန်တမ်းများက ပြည့်စုံသည်ဟု ဆိုသည်။[11]

### ပုံ ၆ – သင်ရိုးညွှန်တမ်းများပြည်စုံမှု

ကျွမ်းကျင်ပညာရှင်များဖော်ပြသော သင်ရိုးညွှန်းတမ်းများပြည့်စုံမှုအခြေအနေ

**၂၂%**

**မူလတန်း**

(ပညာရှင် ၄၁ မှ ၉ ယောက်)

**၃၇%**

**အလယ်တန်းနှင့်အထက်တန်း**

(ပညာရှင် ၄၃ မှ ၁၆ ယောက်)

*ရင်းမြစ် – အွန်လိုင်းပညာရှင်စစ်တမ်းမှတွေ့ရှိချက်၊ ၂၀၁၉*

အချို့အကြောင်းအရာများသင်ကြားရာတွင် ပညာရေးဌာနစစ်တမ်းမှာဖော်ပြထားသကဲ့သို့ အသေးစိတ်သင်ကြားပေးခြင်းမရှိပါဟု စစ်တမ်းတွင်ပါဝင်သောပညာရှင်များက ထောက်ပြပါသည်။ ပညာရေးဌာနမှ ပြည့်စုံသည်ဟုကိုယ်တိုင်ဖေါ်ပြထားသော်လည်း ပြီးပြည့်စုံခြင်းမဟုတ်ဘဲ ကိုယ်ဝန်ဆောင်ခြင်း၊ အိတ်ချ်အိုင်ဗွီနှင့်လိင်မှတစ်ဆင့်ကူးစက်သောရောဂါများကို ရှောင်ရှားရန်နှင့်ကာကွယ်ရန်အတွက် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်သာဖြစ်သည်ဟု ပညာရှင်များက မှတ်ချက်ပြုပါသည်။[12]

မူဝါဒနှင့်အစီအစဉ်ရေးဆွဲသူများ၊ အကောင်အထည်ဖော်သောအဖွဲ့အစည်းများနားလည်သည့်"ပြည့်စုံခြင်း"သည် ဒေသအနေအထားနှင့်မတူညီသောအမြင်များ၊ စံသတ်မှတ်ချက်များနှင့် လူမှုရေးစံများအပေါ်မူတည်ပါသည်။ ထို့ကြောင့် နိုင်ငံတကာနည်းပညာလမ်းညွှန်အရ အရည်အသွေးပြည့်လိင်မှုရေးရာပညာ ဦးစားပေးပို့ချရန်နှင့် အဓိကထားဆွေးနွေးရန် စိန်ခေါ်မှုဆက်လက်ရှိနေပါသည်။

> သင်ခန်းစာခေါင်းစဉ်အများစုမှာ
> သင်ရိုးညွှန်းတမ်းတွင်ပါရှိသော်လည်း အသေးစိတ်
> ဖော်ပြပါရှိမှုမှာ ကန့်သတ်ချက်ရှိပါသည်။
>
> (UNFPA, UNESCO နှင့် MMCWA
> စစ်တမ်းမှကောက်နှုတ်ချက်၊ မြန်မာ)

[11] 'Comprehensiveness' was often dependent on individual perspectives or country standards. The number and the extent of topics covered did not serve as an indicator for'comprehensiveness' among many MoE respondents.

[12] A survey of CSE experts from the UN, NGOs and / or independent consultants from each country.

## ဆရာ ဆရာမများကို မည်မျှအထိ ပြင်ဆင်ပံ့ပိုးထားပါသနည်း။

**၃ ပုံ ၂ ပုံ သောကျောင်းများတွင် လိင်မှုရေးရာဘာသာအတွက် လုပ်ငန်းခွင်အကြိုနှင့်လုပ်ငန်းခွင် သင်တန်းများပို့ချနေသော်လည်း အရည်အသွေးနှင့်သင်ခန်းစာများ အကြောင်း မသိရှိရပါ။**

> မလေးရှားနိုင်ငံ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များဖော်ထုတ်ရန်နှင့် ကျောင်းများတွင် လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေး အကြောင်းသင်ကြားမှုတိုးမြှင့်ရန် နည်းလမ်းများစွာလုပ်ဆောင် ခဲ့သည်ဟုဆိုသည်။
>
> (မလေးရှား ပညာရေးဝန်ကြီးဌာန၊ စစ်တမ်းကောက်နှုတ်ချက်)




၃ ပုံ ၂ ပုံသော စစ်တမ်းဝင်ကျောင်းများတွင် လိင်မှုရေးရာအကြောင်းများကို သီးသန့် တာဝန်အပ်နှင်းထားသည့် ဆရာ ဆရာမများကသင်ကြားလျှက်ရှိပြီး ကျန် ၃ ပုံ ၁ ပုံ သောကျောင်းများတွင် လိင်မှုရေးရာဘာသာရပ်ကို ပူးတွဲထားသည့်သက်ဆိုင်ရာဘာသာ ရပ် ဆရာ ဆရာမများက သင်ကြားပါသည်။ လိင်မှုရေးရာပညာပေးခြင်းကိုထိရောက်စွာပို့ ချနိုင်ရန် လုပ်ငန်းခွင်အကြိုသင်တန်း၊ လုပ်ငန်းခွင်တွင်းဆရာဖြစ်သင်တန်းနှင့်အတူ သင် ကြားသင်ယူမှုအထောက်အကူပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေးအထိ လုံလောက်သော ပြင်ဆင်မှု လိုအပ်ပါသည်။

ဤသုံးသပ်ချက်တွင် ပညာရေးဌာနစစ်တမ်းဖြေဆိုသူအများစု (၇၉%) က လိင်မှုရေး ရာသင်ခန်းစာပို့ချနည်းသင်တန်းကို ကျောင်းတွင်တာဝန်မကျမီ ရရှိသည်ဟုဆိုပါသည်။ သို့သော် ဆရာများသင်တန်းနှင့် သင်ခန်းစာပို့ချမှုအရည်အသွေး၊ အဆင်သင့်ဖြစ်မှုနှင့် စွမ်း ဆောင်ရည်တို့ကိုတိုင်းတာနိုင်မည့် ကျစ်လစ်ခိုင်မာသောမှုဘောင်ရှိ မရှိ မသိကြပါ။

---

### ပုံ ၇ – ဆရာဖြစ်သင်တန်းနှင့် ပံ့ပိုးမှု

> လိင်မှုရေးရာသင်ခန်းစာများ ပို့ချမှုသည် ဆရာ၏ခံယူချက်နှင့် စွမ်းရည်အပေါ် မူတည်ပါသည်။ ထို့အပြင် ဆရာ၏ခံယူချက်နှင့် ယုံကြည်ချက်အပေါ်မူတည်ပြီး သင်ခန်းစာကို ရှောင်ရှား သင်ကြားလေ့ရှိကြောင်း မမျှော်လင့်ဘဲ တွေ့ရပါသည်။
>
> (တောင်အာရှ ပညာရေးဝန်ကြီးဌာန၊ စစ်တမ်းကောက်နှုတ်ချက်)




(၂၈ နိုင်ငံမှ ၂၁ နိုင်ငံ)

လိင်မှုရေးရာဘာသာရပ်ကို ကျောင်းတွင်မသင်ကြားမီ ဆရာ ဆရာမများ သင်တန်း ရရှိရန် လိုအပ်သည်၊

(၂၈ နိုင်ငံမှ ၂၁ နိုင်ငံ)

လိင်မှုရေးရာဘာသာရပ် အတွက် ဆရာဖြစ်သင်တန်း အစီအစဉ်နှင့်သင်ရိုးညွှန်း တမ်းများရှိသည်၊

(၂၈ နိုင်ငံမှ ၂၁ နိုင်ငံ)

လိင်မှုရေးရာ ဘာသာရပ် ပို့ချရန်သင်ထောက်ကူပစ္စည်း များနှင့် ဆရာကိုင်လမ်းညွှန် စာအုပ်များကို ဆရာများ လက်လှမ်းမီသည်၊

*ရင်းမြစ် – ပညာရေးဝန်ကြီးဌာန စစ်တမ်းမေးခွန်းများ*

အွန်လိုင်းလူငယ်စစ်တမ်းတွေ့ရှိချက်အရ သူတို့၏ ဆရာ ဆရာမများမှာ လိင်မှုရေးရာ အကြောင်းသင်ကြားပေးရန် "အလွန်" သို့မဟုတ် "အတော်အတန်" သက်သောင့်သက် သာဖြစ်ကြောင်း ထက်ဝက်မရှိသောလူငယ်များကသာ ယုံကြည်သည်။

## ရရှိသောလိင်မှုရေးရာသင်ခန်းစာအပေါ် လူငယ်များ မည်သို့မြင်ပါသနည်း

### အွန်လိုင်းလူငယ် စစ်တမ်း မှ ၃ ပုံ ၁ ပုံ ထက်နည်းသော လူငယ်များက ကျောင်းများတွင် လိင်မှုရေးရာအကြောင်းကို ကောင်းမွန်စွာ သို့မဟုတ် အတော်အသင့် သင်ကြားပေးနိုင်သည်ဟု မြင်သည်။

အရည်အသွေးပြည့်ပညာရေးကို တိကျပြီး အချိန်နှင့်တစ်ပြေးညီသင်ယူသူများက လုံခြုံစိတ်ချစွာလက်လှမ်းမီရန် လိုအပ်သည်။ ITGSE က ထိရောက်သောအစီအစဉ်များတွင် သင်ယူသူများကိုဗဟိုပြုထားချိန်တွင် နိုင်ငံပေါင်း ၃ ပုံ ၁ ပုံ ကသာ CSE ဆိုင်ရာမူဝါဒများ၊ ဥပဒေများ၊ ဗျူဟာများ သို့မဟုတ် သင်ထောက်ကူပစ္စည်းများဖော်ဆောင်ရာတွင် လူငယ်များပါဝင်စေခဲ့သည်။ ကျောင်းပြင်ပ လိင်မှုရေးရာပညာပေးဗျူဟာများထားရှိကြောင်း ပညာရေးဌာနမှ စစ်တမ်း၌ ပါဝင်သူ ၃ ပုံ ၁ ပုံ က ဆိုပါသည်။ အွန်လိုင်းလူငယ်စစ်တမ်းအရ လိင်မှုရေးရာသင်ခန်းစာများရရှိမှုကိုကျေနပ်ကြောင်း ၃ ပုံ ၁ ပုံ ထက်နည်းသောလူငယ်များက ဖော်ပြပါသည်။

ပုံ ၈ – လိင်မှုရေးရာကျောင်းသင်ခန်းစာများအပေါ် လူငယ်များ၏ကျေနပ်အားရမှု



၂၈%

လိင်မှုရေးရာပညာကို ကျောင်းက "ကောင်းစွာ" သို့မဟုတ် "အတော်အတန်" သင်ပေးသည်ဟု ယူဆသည်၊

*ရင်းမြစ် – အွန်လိုင်းလူငယ် စစ်တမ်း*

လူငယ်များ ဗဟုသုတ အချက်အလက်ရရှိရေးအတွက် အင်တာနက်၊ လူမှုကွန်ယက်နှင့် ရွယ်တူသူငယ်ချင်းများသည် စာသင်ကျောင်းများထက်ပို၍ အဓိကကျသော ရင်းမြစ်များဖြစ်သည်။

ပုံ ၉ – လူငယ်များ လိင်မှုရေးရာဗဟုသုတအချက်အလက်ရရှိရေးအတွက်ရင်းမြစ်များ

လူငယ်များနှစ်သက်သော လိင်မှုရေးရာဆိုင်ရာ သတင်းအချက်အလက် ရင်းမြစ်များ



၅၆%
အချင်းချင်း



၅၅%
အင်တာနက်



၃၉%
စာသင်ကျောင်း

*ရင်းမြစ် – အွန်လိုင်းလူငယ် စစ်တမ်း*

> လိင်မှုရေးရာ သင်ခန်းစာများကို ကျောင်းတွင် စနစ်တကျမသင်ပေးသည့်အတွက် အင်တာနက်အသုံးပြုခွင့်သာ မရခဲ့လျှင် လိင်မှုနှင့်မျိုးဆက်ပွား ကျန်းမာရေးအကြောင်း တစ်စိုးတစ်စေ့မျှ သိမည်မဟုတ်ပါ။
>
> (အမျိုးသမီးငယ်၊ နီပေါ)

> လူငယ်သဘာဝ သိချင်စိတ်များသည်ဖြစ်၍ ကျွန်တော်တို့လူငယ်များအတွက် လိင်မှုရေးရာပညာပေးခြင်းသည် အရေးကြီးပါသည်။ အကယ်၍သာ ကျွန်တော်တို့ကို စနစ်တကျပညာမပေးခဲ့လျှင် သိချင်စိတ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်ပါသည်။
>
> (၂၂ နှစ်အရွယ် လူငယ်၊ အင်ဒိုနီးရှား)

> ဆရာ ဆရာမများက ပုံမှန်အားဖြင့် ရင်းရင်းနှီးနှီးအကူအညီပေးတတ်သော်လည်း လိင်နှင့်မျိုးဆက်ပွားနဲ့ ဆိုင်သောမေးခွန်းများကိုရှောင်လေ့ရှိပြီး "နောင်ဆိုရင် သိလာလိမ့်မည်" ဟု အဖြေပေးလေ့ရှိသည်။ ကာကွယ်ခြင်းက ဖြစ်မှကုသခြင်းထက် ပိုကောင်းသည်ဟုဆိုသောကြောင့် မေးခွန်းမေးစဉ်ကတည်းက အဖြေများကို တစ်ပါတည်းရလျှင် ပိုကောင်းပါသည်။
>
> ( အမျိုးသမီးငယ်၊ နီပေါ)

> (CSE ကြောင့်) မိမိကိုယ်မိမိ ပို၍နားလည်လာပြီး လိုအပ်ချက်များ၊ အနာဂတ်ဘဝဦးတည်ချက်ကိုသိလာကာ မှုဝေခြင်း၏အနှစ်သာရကို နားလည်လာသည်။ ဗဟုသုတရှိလာသည်နှင့်အမျှ မိမိကိုယ်ကိုယ် ကာကွယ်ရန်၊ လေးစားရန်နှင့် အခြားသူများကိုနားလည်ရန်အတွက် ပိုမိုသိချင်စိတ်ဖြစ်လာသည်။
>
> (၂၄ နှစ်အရွယ်ရှိ မိန်းကလေး၊ အင်ဒိုနီးရှား)

# အဓိကအကြံပြုချက်များ

## ဥပဒေနှင့်မူဝါဒများ

- မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းအဆင့်ကျောင်းများတွင် CSE ကို မသင်မနေရဘာသာအဖြစ် ပြဋ္ဌာန်းသည့်ဥပဒေပါဝင်လာရေး မြှင့်တင်ဆောင်ရွက်ရန်
- ကျောင်းပြင်ပနှင့်ထိခိုက်လွယ်သောသူများ CSE သင်ကြားနိုင်ရေး အစီအစဉ်များ၊ မဟာဗျူဟာများ ချမှတ်ရန်

## သင်ရိုးညွှန်းတမ်းပြုစုခြင်း၊ လွှမ်းခြုံနိုင်မှုနှင့် အရည်အသွေး

- သင်ရိုးညွှန်းတမ်းပြုစုရာတွင် လူငယ်များနှင့်ပြည်သူလူထု ထိရောက်စွာပါဝင်စေရန်
- ITGSE အကြံပြုသည့်အတိုင်း နိုင်ငံအလိုက် သင်ရိုးညွှန်းတမ်းပြုစု၊ စမ်းသပ်၊ ပို့ချ၊ ဆန်းစစ်၊ သုံးသပ်ရန်
- ITGSE တွင်ဖော်ပြထားသည့်ကဏ္ဍ ၈ ခုလုံးကို အသက်အရွယ်အလိုက် ကျောင်းတွင်းနှင့်ကျောင်းပြင်ပ လူငယ်များ သင်ယူနိုင်ရန်
- CSE ၏ အရည်အသွေးနှင့်သက်ရောက်မှုကိုတိုင်းတာမည့် ကျစ်လစ်ခိုင်မာသောမူဘောင်ပြုစုရန်နှင့် အမျိုးသားအဆင့်ပညာရေးအချက်အလက်စနစ်တွင် ထည့်သွင်းရန်

## လုပ်ငန်းလည်ပတ်မှုပတ်ဝန်းကျင်ကို မြှင့်တင်ခြင်း

- CSE ကို ထိရောက်ပြီး အရှိန်အဟုန်မပျက်စေရေးနှင့်လူငယ်များအတွက် အဆင်ပြေသော SRH ဝန်ဆောင်မှုများရရှိစေရေးအတွက် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်
- လူမှုအသိုင်းအဝိုင်းဆန့်ကျင်မှုလျော့ချရေးအတွက် ပြည်သူလူထုပါဝင်စေခြင်း၊ ယဉ်ပါးလာစေခြင်းနှင့်ပံ့ပိုးခြင်းများ ဦးစားပေးလုပ်ဆောင်ရန်
- ကျောင်းပြင်ပပို့ချနိုင်ရေးအတွက် အခွင့်အလမ်း၊ အခြေအနေ၊ ရင်းမြစ်များ ဖော်ထုတ်ရန်
- နိုင်ငံအတွင်းအရည်အသွေးပြည့် CSE သင်ခန်းစာများပို့ချနိုင်ရေးအတွက် လူတိုင်းပါဝင်နိုင်သော လိုအပ်ချက်နှင့်ကွာဟချက်ဆန်းစစ်မှုကိုဆောင်ရွက်ရန်

## ဆရာ ဆရာမများ ပြင်ဆင်မှုနှင့်ပံ့ပိုးမှု

- ထိရောက်ပြီး သင်ယူသူဗဟိုပြုသော CSE သင်ခန်းစာများပို့ချနိုင်ရန် ဆရာ ဆရာမများအားသင်တန်းပေးရာတွင် အသုံးပြုမည့်သင်ရိုးညွှန်းတမ်းကို နိုင်ငံအလိုက်ရေးဆွဲရန်
- အရည်အသွေးပြည့်သော လုပ်ငန်းခွင်အကြို၊ လုပ်ငန်းခွင်၊ မွမ်းမံ သင်တန်းများနှင့် မိုဒြမ်းကိုးကားပစ္စည်းများဖြင့် ဆရာ ဆရာမများ၏အရည်အသွေးနှင့်ကျွမ်းကျင်မှု တည်ဆောက်ရန်
- CSE ကို သင်ကြားပို့ချနေသော ဆရာ ဆရာမများအတွက် သင်ယူခြင်း၊ မျှဝေခြင်း၊ အထောက်အကူပြု ကြီးကြပ်ခြင်းပြုလုပ်နိုင်မည့်အခြေအနေ တိုးမြှင့်ရန်


© UNFPA / Lao PDR

# ပိုမိုသိရှိလိုပါက ...

CSE အကြောင်း ပိုမိုလေ့လာလိုပါက ဖတ်ရှုရန် ...

- UNESCO, UNFPA, UNICEF, UN Women, and WHO. *International Technical Guidance on Sexuality Education*
- UNFPA. **International Technical and Programmatic Guidance on Out-of-School Comprehensive Sexuality Education (CSE)**
- UNFPA. **Operational Guidance for Comprehensive Sexuality Education**
- IPPF. **Deliver + enable tool kit: scaling up comprehensive sexuality education**
- IPPF. **IPPF Framework for comprehensive sexuality education**

ဤသုံးသပ်ချက်အတွက် သုတေသနအစီရင်ခံစာကို here တွင် ဖတ်ရှုပါ။

ဤစာအုပ်၌ဖော်ပြထားသောအမြင်များသည် စာရေးသူ၏အမြင်များသာဖြစ်ပြီး ကုလသမဂ္ဂ သို့မဟုတ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏အမြင်များကို ကိုယ်စားပြုခြင်းမရှိပါ။

**အကြံပြု ကိုးကားခြင်း – UNFPA၊ UNESCO နှင့် IPPF**
၂၀၂၀။ သင်ယူပါ၊ ကာကွယ်ပါ၊ လေးစားလိုက်နာပါ၊ ပျိုးထောင်ပါ။
အာရှနှင့်ပစိဖိတ်ဒေသတွင်း ပြီးပြည့်စုံသောလိင်မှုရေးရာနှင့်မျိုးဆက်ပွားပညာ
အခြေအနေ ၂၀၂၀ ခုနှစ်၊ အတိုချုပ်သုံးသပ်ချက်

© Munira Mutaher / UNFPA Sri Lanka

TH/DOC/HWT-IQE/21/032-Sum-MM